# The Private Schools Registration Act 1951
## (Act No LXIV of 1951)

# ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၄။]

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍သတ်မှတ်သည့်နေ့များတွင် သတ်မှတ်သည့် အရပ်ဒေသများ၌ စတင်အာဏာ တည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ကျောင်း" ဆိုသည်မှာ၊ ပညာသင်ကြားရာဌာနကိုဆိုလိုသည်။

(ခ) "ကိုယ်ပိုင်ကျောင်း" ဆိုသည်မှာ၊ အစိုးရက၊ သို့တည်းမဟုတ် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များက တည်ထောင်သောကျောင်းမဟုတ်သည့်ကျောင်းကိုဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင် ကိုးကွယ်သည့်ဘာသာရေးစာပေသက်သက်သင်ကြားသည့် ဘုန်းကြီးကျောင်းများနှင့် အခြားအလားတူကျောင်းများမပါဝင်ချေ။

(ဂ) "ဝန်ကြီး" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးအတွက် တာဝန်ခံဆောင်ရွက်ဆဲဖြစ်သည့် ဝန်ကြီးကို ဆိုလိုသည်။

(ဃ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ခန့်ထားသည့်ကိုယ်ပိုင် ကျောင်းမှတ်ပုံတင်အရာရှိကိုဆိုလိုသည်။

(င) "တည်ထောင်အုပ်ချုပ်သူ" ဆိုသည်မှာကျောင်းနှင့်ကျောင်း၏ လုပ်ငန်းဆိုင်ရာကိစ္စများကို ပင်ရင်းကြီးကြပ်အုပ်ချုပ်သူကို ဆိုလိုသည်။

သို့ရာတွင် အဆိုပါကိစ္စများကို ကြီးကြပ်သူ ကိုယ်စားလှယ်အား လွှဲအပ်ထားလျှင်၊ အဆိုပါ ကိုယ်စားလှယ်သည် "တည်ထောင်အုပ်ချုပ်သူ" ဖြစ်သည်ဟု၍မှတ်ယူရမည်။

၃။ ။နိုင်ငံတော်သမတသည်၊ အရာရှိတဦးဦးကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် အရာရှိအဖြစ်ဖြင့်ခန့်ထားရမည်။

၄။ ။(၁) ကျောင်းသားဦးရေနှစ်ဆယ်၊ သို့တည်းမဟုတ် နှစ်ဆယ်ထက်ပို၍တက်ရောက်လျက်ရှိသော ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ ဤအက်ဥပဒေ စတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း ထိုကိုယ်ပိုင်ကျောင်းကို ဤအက်ဥပဒေအရ မှတ်ပုံတင်ရန်ကိစ္စအလို့ငှါ မှတ်ပုံတင်အရာရှိထံလျှောက်ထားရမည်။

(၂) ဤအက်ဥပဒေအာဏာတည်ဆဲဖြစ်နေသည့် အရပ်ဒေသအတွင်းမည်သည့်ကိုယ်ပိုင်ကျောင်းမဆို၊ ကျောင်းသားဦးရေနှစ်ဆယ်ပြည့်သည့်နေ့မှ သုံးလအတွင်း ထိုကိုယ်ပိုင်ကျောင်းကို ဤအက်ဥပဒေအရ မှတ်ပုံတင်ရန်အလို့ငှါ မှတ်ပုံတင် အရာရှိထံသို့လျှောက်ထားရမည်။

(၃) ထိုလျှောက်လွှာအသီးသီးတွင်၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် အကြောင်းအရာများ ပါရှိရမည်။

**Price,—One anna.]**

(၄) ပုဒ်မခွဲ (၁) နှင့် (၂) အရ မှတ်ပုံတင်ရမည့်ကိုယ်ပိုင်ကျောင်းကို မှတ်ပုံမတင်ဘဲသော်၎င်း၊ ပုဒ်မ ၅ အရ မှတ်ပုံတင်အရာရှိက မှတ်ပုံမတင်နိုင်ဟု ငြင်းပယ်ပြီးနောက်သော်၎င်း၊ ပုဒ်မ ၇ အရ မှတ်ပုံတင်အရာရှိက ကိုယ်ပိုင်ကျောင်းများ မှတ်ပုံစာအုပ်မှ ပယ်ဖျက်ပြီးနောက်သော်၎င်း၊ မည်သူမျှ ထိုကိုယ်ပိုင်ကျောင်းကို တည်ထောင်အုပ်ချုပ်ခြင်းမပြုရ။

၅။ ။မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံတင်ရန် လျှောက်ထားသည့်ကိုယ်ပိုင်ကျောင်းကို အောက်ပါအကြောင်း အားလုံးကြောင့်ဖြစ်စေ၊ အကြောင်းတခုခုကြောင့်ဖြစ်စေ၊ မှတ်ပုံတင်ရန် မသင့်ဟု ယူဆလျှင်၊ ဤအက်ဥပဒေအရ မှတ်ပုံမတင်နိုင်ဟု ငြင်းပယ်နိုင်သည်။

(က) ကျောင်းအဆောက်အအုံသည်၊ သို့တည်းမဟုတ်ဥပစာသည်၊ သို့တည်းမဟုတ်ထိုဥပစာ၏ အစိတ်အပိုင်းတခုခုသည် ကျောင်းအတွက်မသင့်လျော်ခြင်း။

(ခ) ကျောင်းတက်နေသူတို့၏ ဦးရေကို၎င်း၊ အသက်အရွယ်ကို၎င်း၊ ယောကျ်ား၊ သို့တည်းမဟုတ်မိန်းမဖြစ်သည်ကို၎င်း ထောက်ထား၍ ကျောင်းအဆောက်အအုံ၊ သို့တည်းမဟုတ် ဥပစာတွင်စီမံထားရှိသည့် နေရာထိုင်ခင်းမလုံလောက်ခြင်း၊ သို့တည်းမဟုတ်မသင့်လျော်ခြင်း။

(ဂ) ကျောင်းတက်နေသူတို့၏အသက်အရွယ်ကို၎င်း၊ ယောကျ်ား၊ သို့တည်းမဟုတ်မိန်းမဖြစ်သည်ကို၎င်း ထောက်ထား၍ ကျောင်း၌သင်ကြားပေးသည့် ပညာရပ်များမသင့်လျော်ခြင်း၊ သို့တည်းမဟုတ် သင်ကြားပြသမှုညံ့ဖျင်းခြင်း။

(ဃ) ကျောင်းတည်ထောင်အုပ်ချုပ်သူသည် ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်ရန်မသင့်လျော်သူဖြစ်ခြင်း၊ သို့တည်းမဟုတ် ထိုကျောင်းနှင့်စပ်လျဉ်းသည့်ကိစ္စများကို ဆောင်ရွက်နေသူတဦးဦးသည် ကျောင်းဆရာအဖြစ်သင်ကြားပြသရန်၊ သို့တည်းမဟုတ် တာဝန်ခံအဖြစ်ဆောင်ရွက်ရန် မသင့်သူဖြစ်ခြင်း။

(င) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သောသူတဦးဦးအား၊ ပုဒ်မ ၉ တွင်ဖော်ပြထားသော တာဝန်ဝတ္တရားဆောင်ရွက်ရာ၌ ဟန့်တားခြင်း။

၆။ ။မှတ်ပုံတင်အရာရှိသည်၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုထားသည့်နည်းဥပဒေများအရ၊ လိုအပ်သည့်အချက်များနှင့် ပြည့်စုံသောကိုယ်ပိုင်ကျောင်းကိုမှတ်ပုံတင်ရမည့်ပြင်၊ ထိုကိစ္စအလို့ငှါ မှတ်ပုံတင်ထားသော ကိုယ်ပိုင်ကျောင်းအားလုံးအတွက် မှတ်ပုံစာအုပ်တခုကိုထားရှိရမည်။ ထိုမှတ်ပုံတင်စာရင်းကို သင့်လျော်သည့်အချိန်အခါတွင် အများပြည်သူတို့ကြည့်ရှုစစ်ဆေးလိုပါက၊ ကြည့်ရှုစစ်ဆေးနိုင်ခွင့်ရှိရမည်။

၇။ ။မှတ်ပုံတင်အရာရှိသည်၊ အောက်ပါအကြောင်း အားလုံးကြောင့်ဖြစ်စေ၊ အကြောင်းတခုခုကြောင့်ဖြစ်စေ၊ မည်သည့် ကိုယ်ပိုင်ကျောင်းကိုမဆို မှတ်ပုံစာအုပ်မှပယ်ဖျက်နိုင်သည်။

(က) ပုဒ်မ ၅ တွင် ဖော်ပြထားသည့် အကြောင်းတခုခုအရ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ အရည်အချင်းပျက်ယွင်းလာခြင်း၊ သို့တည်းမဟုတ် ကိုယ်ပိုင်ကျောင်း၏ ဥပစာသည်မလုံလောက်မသင့်လျော်ဖြစ်လာခြင်း။

(ခ) ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ ကျောင်းသူကျောင်းသားများ၏အကျိုးကိုဆုတ်ယုတ်အောင်ပြုခြင်း။

(ဂ) ပတ်ဝန်းကျင် အခြေအနေနှင့် သင်ကြားရေးအခြေအနေများသည်၊ ကျောင်းသူကျောင်းသားများ၏စာရိတ္တဗလ၊ ဉာဏဗလ၊ ကာယဗလ တခုခုကို ထိခိုက်နေခြင်း။

(ဃ) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သောသူတဦးဦးအား ပုဒ်မ ၉ တွင်ဖေါ်ပြထားသော တာဝန်ဝတ္တရားဆောင်ရွက်ရာ၌ တမင်ဟန့်တားခြင်း။

သို့ရာတွင် ထိုသို့မှတ်ပုံတင် စာရင်းမှပယ်ဖျက်ခြင်းမပြုမီ၊ ကိုယ်ပိုင်ကျောင်းတည်ထောင် အုပ်ချုပ်သူအား၊ မည်သည့်အကြောင်းကြောင့် ထိုကျောင်းမှတ်ပုံတင်ခြင်းကိုမပယ်ဖျက်သင့်ကြောင်းထုချေရန် အခွင့်အရေးမပေးဘဲ၊ ထိုကိုယ်ပိုင်ကျောင်းကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်းမပြုရ။

၈။ ။ပုဒ်မ ၅ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၇ အရ မှတ်ပုံတင်အရာရှိက ချမှတ်သည့်အမိန့်ကို ဝန်ကြီးထံအယူခံနိုင်သည်။ သို့ရာတွင် အယူခံလွှာကို ထိုသို့အမိန့်ချမှတ်သည့်နေ့မှခြောက်လအတွင်းတင်သွင်းရမည်။

၉။ ။မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် ထိုအရာရှိက အမည်တပ်၍ဖြစ်စေ၊ ရာထူးအလျောက်ဖြစ်စေ အာဏာလွှဲအပ်ခြင်းခံရသောအရာရှိသည်၊ မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆိုစစ်ဆေးခြင်း၊ သွားရောက်ကြည့်ရှုခြင်း၊ ထိုကျောင်းနှင့်သက်ဆိုင်သည့်အကြောင်းအရာကို၊ သို့တည်းမဟုတ် စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုခြင်းပြုနိုင်သည့်ပြင်၊ ထိုသို့ပြုရန် မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို ဝင်နိုင်ခွင့်ရှိသည်။

၁၀။ ။နိုင်ငံတော်သမတသည်၊ မည်သည့် ကိုယ်ပိုင်ကျောင်း၌မဆို၊ သို့တည်းမဟုတ် မည်သည့်ကိုယ်ပိုင်ကျောင်းအမျိုးအစား၌မဆို၊ အများဆုံးတောင်းဆိုနိုင်သော ကျောင်းလခနှင့်အခြားအခများကိုအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

၁၁။ ။နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို၊ သို့တည်းမဟုတ် မည်သည့်ကိုယ်ပိုင် ကျောင်းအမျိုးအစားကို မဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်အားလုံးနှင့်သော်၎င်း၊ ပြဋ္ဌာန်းချက်တခုခုနှင့်သော်၎င်း သက်ဆိုင်ခြင်းမှကင်းလွတ်ခွင့်ပေးနိုင်သည်။

၁၂။ ။မည်သူမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ထိုနည်းဥပဒေများအရ ချမှတ်သည့်အမိန့်ကိုသော်၎င်း ဆန့်ကျင်ကျူးလွန်လျှင်၊ ထိုသူသည်—

(က) ပဌမပြစ်မှုအတွက်၊ ငါးရာထက်မပိုသောငွေဒဏ် စီရင်ခြင်းခံရမည်။

(ခ) ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအတွက်၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်၊ ၎င်းပြင် တထောင်ထက်မပိုသောငွေဒဏ် နှစ်ရပ်စလုံး စီရင်ခြင်းခံရမည်။

၁၃။ ။မည်သူမဆိုမှတ်ပုံတင်အရာရှိ အား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သောသူ တဦးဦးအား၊ ပုဒ်မ ၉ တွင် ဖေါ်ပြထားသော တာဝန်ဝတ္တရားဆောင်ရွက်ရာ၌ တမင်ဟန့်တားလျှင်၊ ထိုသူသည် တထောင်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ် ပြစ်မှုထင်ရှားစီရင်ခြင်း

ခံရလျှင်ခြောက်လထက်မပိုသော အလုပ်ကြမ်းထောင်ဒဏ်နှင့် တထောင်ထက်မပိုသော ငွေဒဏ်နှစ်ရပ်လုံးကို စီရင်ခြင်းခံရမည်။

၁၄။ ။ဤအက်ဥပဒေအရ ပြစ်မှုအတွက် ဝန်ကြီး၏ တိုင်ကြားချက်မရှိဘဲ၊ သို့တည်းမဟုတ် ဝန်ကြီး၏အခွင့်အမိန့်ကိုမရဘဲတရားမစွဲဆိုရ။

၁၅။ ။(၁) တည်ထောင်အုပ်ချုပ်သူသည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များဝင်သည့်အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ တည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤအက်ဥပဒေအရ၊ တရားစွဲဆို၍ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌နေထိုင်သူတဦးတယောက်ကို၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တည်ထောင်အုပ်ချုပ်သူအဖြစ် အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊သို့တည်းမဟုတ် အဖွဲ့ကမှတ်ပုံတင်အရာရှိအားလျှောက်ထားရမည်၊ ထို့ပြင် ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှကာလပတ်လုံး မိမိအားအမည် တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကို မှတ်ပုံတင်အရာရှိက မရမီသော်၎င်း၊ မိမိသည်ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် အစုပါဝင်သူ အဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများ အလို့ငှါတည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) တည်ထောင်အုပ်ချုပ်သူသည်၊ အများပိုင် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက်၊ မည်သူ့ ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို တည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင် ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့်ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့်အစုပါဝင်သူတဦးကိုသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တည်ထောင်အုပ်ချုပ်သူအဖြစ်အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် မှတ်ပုံတင်အရာရှိအား လျှောက်ထားရမည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ်အစုပါဝင်သူသည်၊ ယင်းသို့ နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကို မှတ်ပုံတင်အရာရှိက မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍မှတ်ယူရမည်။

၁၆။ ။သဘောရိုးဖြင့်၊ ဤအက်ဥပဒေအရသော်၎င်း၊ နည်းဥပဒေများအရသော်၎င်း ပြုသည့်၊ သို့တည်းမဟုတ်ပြုရန် ကြံရွယ်သည့်ကိစ္စအတွက်မည်သူ့ကိုမျှတရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲရ။

၁၇။ ။နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေ များကိုကြိုတင်ထုတ်ပြန်ပြီးနောက်ပြုနိုင်သည်။

G.U.B.C.P O.—No. 97, Min. of J.A., 16-1-52—2,200—II.